# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## မြန်မာ့ပဲတီစိမ်း ဖိလစ်ပိုင်နိုင်ငံဈေးကွက်သို့ ဝင်ရောက်ခွင့်
## ပို့ကုန်လမ်းညွှန်ချက်များ

ရက်စွဲ၊ ၂၀၂၃ ခုနှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | မြန်မာ့ပဲတီစိမ်းတင်ပို့မှု | ၂ |
| ၃။ | မြန်မာနိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံသို့ ပဲတီစိမ်းတင်ပို့မှု | ၅ |
| ၄။ | ပို့ကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့်အချက်များ | ၈ |
| ၅။ | ဖိလစ်ပိုင်နိုင်ငံသို့ ပဲတီစိမ်းတင်ပို့နေသည့်နိုင်ငံများ | ၉ |
| ၆။ | ဖိလစ်ပိုင်နိုင်ငံ၏ ပဲတီစိမ်းတင်သွင်းမှုမူဝါဒ | ၁၁ |
| ၇။ | ဖိလစ်ပိုင်နိုင်ငံသို့ ပဲတီစိမ်းတင်ပို့သူများအတွက် သိရှိရန် အချက်များ | ၁၁ |
| ၈။ | မြန်မာနိုင်ငံမှ ပဲတီစိမ်းကို ဖိလစ်ပိုင်နိုင်ငံသို့တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ် | ၁၇ |
| ၉။ | တင်သွင်းရာတွင် ဖိလစ်ပိုင်နိုင်ငံမှ စစ်ဆေးမည့်အချက်များ | ၁၈ |
| ၁၀။ | ဖိလစ်ပိုင်အကောက်ခွန်ရှင်းလင်းရေးအဆင့်ဆင့် | ၁၉ |
| ၁၁။ | ဖိလစ်ပိုင်အကောက် ခွန်ရှင်းလင်းရေးတွင် လိုအပ်သော စာရွက်စာတမ်းများ | ၂၀ |
| ၁၂။ | နိဂုံး | ၂၁ |

# မြန်မာ့ပဲတီစိမ်း ဖိလစ်ပိုင်နိုင်ငံဈေးကွက်သို့ ဝင်ရောက်ခွင့် ပို့ကုန်လမ်းညွှန်ချက်များ

**နိဒါန်း**

၁။ မြန်မာနိုင်ငံတွင် ပဲတီစိမ်းကို ပဲနောက်စိမ်း၊ ပဲတီနက်၊ ပဲနောက်နက် ဟူ၍ အသိများကြပါသည်။ ပဲတီစိမ်းသည် အပူချိန် ၃၀ မှ ၃၆ ဒီဂရီ စင်တီဂရိတ်အတွင်းရှိ ဒေသများတွင် ကောင်းစွာ စိုက်ပျိုးဖြစ်ထွန်းနိုင်သောကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးနီးပါး စိုက်ပျိုးနိုင်ပြီး ဓာတုဆေးများ၊ ညစ်ညမ်းမှုများ၊ ကူးစက်မှုဘေးအန္တရာယ် ကင်းရှင်းရေး GAP (Good Agriculture Practices- GAP) စနစ်ဖြင့် စိုက်ပျိုး၍ ပြည်ပဈေးကွက်သို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေများစွာ ရရှိသော သီးနှံဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် ပဲတီစိမ်း စိုက်ဧရိယာမှာ (၂၈၄၉၉၆၇) ဧက၊ ရိတ်သိမ်းဧရိယာမှာ (၂၈၄၁၀၂၁) ဧက၊ တစ်ဧက အထွက်နှုန်းမှာ (၁၅.၆၇) တင်း၊ ပဲတီစိမ်း စုစုပေါင်း အထွက်နှုန်း (၁၄၅၄၀၃၁.၁၂ ) တန် ထွက်ရှိပါသည်။ ၎င်းအနက်မှ ပြည်တွင်း စားသုံးပြီး ပိုလျှံပဲတီစိမ်းများကို ပြည်ပသို့တင်ပို့၍ ပြည်ပဝင်ငွေရရှိခဲ့တာဖြစ်ပါသည်။ ဆက်လက်ပြီး ပြည်ပပို့ကုန် ဝင်ငွေတိုးတက်ရရှိရေးအတွက် မြန်မာ့ပဲတီစိမ်းကို ကမ္ဘာ့ဈေးကွက်သို့ တိုးချဲ့တင်ပို့ရာတွင် မူဝါဒ၊ စည်းမျဉ်းစည်းကမ်းနှင့် ဈေးကွက်၏ လိုလားချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် လိုအပ်ပါသည်။ မြန်မာ့ပဲတီစိမ်းကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ရာတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ပို့ကုန်နှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းလမ်းညွှန်ချက်များကို ထုတ်နုတ်ဖော်ပြထားပါသည်။

၂။ ၂၀၂၁-၂၀၂၂ (Mini Budget) တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြန်မာ့ပဲတီစိမ်း စိုက်ပျိုးထုပ်လုပ်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာ့ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု (၂၀၂၁-၂၀၂၂)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စိုက်ပျိုးဧရိယာ (ဧက) | အထွက်နှုန်း (တင်း) | အထွက်(တန်) |
|---|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ | ၄၄၉၅၃ | ၁၄.၃၈ | ၂၁၀၈၁.၈၆ |
| ၂ | ကချင် | ၁၅၄၄ | ၁၀.၉၀ | ၅၄၇.၅၃ |
| ၃ | ကယား | ၁၄၆၉ | ၁၁.၆၆ | ၅၅၉.၄၈ |
| ၄ | ကရင် | ၆၈၃၇၅ | ၁၈.၁၄ | ၄၀၄၉၉.၇၉ |
| ၅ | ချင်း | ၁၆၇ | ၇.၄၆ | ၄၀.၆၅ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၇၆၆၆၀ | ၁၆.၂၁ | ၃၀၄၆၄၃.၄၆ |

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စိုက်ပျိုးဧရိယာ (ဧက) | အထွက်နှုန်း (တင်း) | အထွက်(တန်) |
|---|---|---|---|---|
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၄၁ | ၆.၆၈ | ၈.၉၄ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၇၇၁၆၇၈ | ၂၀.၃၄ | ၅၁၂၃၂၆.၅၆ |
| ၉ | မကွေးတိုင်းဒေသကြီး | ၄၁၂၇၉၃ | ၉.၆၅ | ၁၂၇၇၆၇.၁၅ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၂၈၇၂၁၄ | ၁၀.၇၅ | ၁၀၀၇၄၀.၃၁ |
| ၁၁ | မွန် | ၄၀၅၉၆ | ၁၅.၁၃ | ၂၀၀၅၃.၁၀ |
| ၁၂ | ရခိုင် | ၂၀၄၀ | ၁၂.၄၁ | ၈၂၆.၉၁ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၃၆၁၃၀၃ | ၁၄.၄၃ | ၁၇၀၂၃၁.၉၅ |
| ၁၄ | ရှမ်းပြည်နယ် | ၁၁၃၈၆ | ၁၆.၀၉ | ၅၉၈၁.၁၆ |
| ၁၅ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၄၇၄၄ | ၁၃.၄၃ | ၂၀၇၉.၉၃ |
| ၁၆ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၆၆၄၂ | ၁၇.၉၉ | ၃၉၀၁.၂၂ |
| ၁၇ | ဧရာဝတီတိုင်းဒေသကြီး | ၂၆၉၇၄၈ | ၁၆.၈၈ | ၁၄၈၇၂၂.၂၅ |
| ၁၈ | ပြည်ထောင်စုချုပ် | ၂၈၄၉၉၆၇ | ၁၅.၆၇ | ၁၄၅၄၀၃၁.၁၂ |

**Source: စိုက်ပျိုးရေးဦးစီးဌာန**

**မှတ်ချက်။ ၁တန်= ၃၀.၆၂၅ တင်းဖြင့်တွက်ချက်ထားပါသည်။**

## မြန်မာ့ပဲတီစိမ်းတင်ပို့မှု

၃။ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ပဲမျိုးစုံများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ စသည့်ပဲအမျိုးအစားသုံးခုကို ပြည်ပသို့ အများဆုံးတင်ပို့လျက်ရှိပါသည်။ မြန်မာနိုင်ငံ အနေဖြင့် မတ်ပဲနှင့် ပဲတီစိမ်းတင်ပို့သော နိုင်ငံပေါင်း (၄၁)နိုင်ငံရှိပြီး တရုတ်နိုင်ငံသို့ ၆၀ ရာခိုင်နှုန်းတင်ပို့၍ ဥရောပသမဂ္ဂ အပါအဝင် ဂျပန်၊ နယ်သာလန်၊အမေရိကန်၊ အင်္ဂလန်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများသို့လည်း တင်ပို့လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံမှ ၂၀၂၁ ခုနှစ်တွင် မတ်ပဲနှင့်ပဲတီစိမ်းတင်ပို့နေသည့် ထိပ်တန်း (၁၀)နိုင်ငံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာနိုင်ငံမှ မတ်ပဲနှင့်ပဲတီစိမ်းတင်ပို့နေသည့် ထိပ်တန်း (၁၀)နိုင်ငံ**

| စဉ် | တင်ပို့သည့်နိုင်ငံ | တင်ပို့သည့် အရေအတွက် (တန်) | တန်ဖိုး |
|---|---|---|---|
| ၁ | အိန္ဒိယ | ၅၁၁၀၇၁ | ၉၂၉ |
| ၂ | အင်ဒိုနီးရှား | ၈၇၄၉၁ | ၁၁၁၄ |
| ၃ | တရုတ် | ၅၆၇၁၇ | ၈၇၈ |
| ၄ | ထိုင်း | ၃၈၆၄၃ | ၈၂၇ |
| ၅ | ဖိလစ်ပိုင် | ၂၂၄၇၆ | ၁၀၅၅ |
| ၆ | မလေးရှား | ၁၉၁၃၈ | ၁၀၅၈ |
| ၇ | ဂျပန် | ၆၅၁၈ | ၁၁၈၄ |
| ၈ | နယ်သာလန် | ၄၆၇၂ | ၁၄၈၁ |
| ၉ | အမေရိကန် | ၃၁၃၃ | ၁၇၅၆ |
| ၁၀ | အင်္ဂလန် | ၃၇၂၂ | ၁၃၂၅ |

Source ICT Trade Map

၅။ ပဲတီစိမ်းသည် ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားကြီးမားသော သီးနှံဖြစ်ပါသည်။ ပဲတီစိမ်းသည် ပြည်တွင်း၌ အသင့်အတင့်သာစားသုံးပြီး ပြည်ပသို့တင်ပို့ရောင်းချလက်ရှိပြီး နိုင်ငံခြားငွေအများဆုံး ရှာဖွေပေးသော ပဲသီးနှံတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံမှ နိုင်ငံအလိုက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ခုနှစ်တွင် ပဲတီစိမ်း တင်ပို့နေသည့် ထိပ်တန်း ( ၁၀ ) နိုင်ငံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာနိုင်ငံမှ ပဲတီစိမ်းတင်ပို့နေသည့် ထိပ်တန်း ( ၁၀ ) နိုင်ငံ**

**တန်ဖိုး - ကန်ဒေါ်လာသန်း**

| စဉ် | တင်ပို့သည့်နိုင်ငံ | တင်ပို့သည့် အရေအတွက် (တန်) | တန်ဖိုး |
|---|---|---|---|
| ၁ | တရုတ် | ၄၄၅၆၇၅ | ၃၁၃.၀၇၂ |
| ၂ | စင်္ကာပူ | ၁၃၂၁၆၈ | ၉၀.၇၀၄ |
| ၃ | ဗီယက်နမ် | ၃၆၆၄၇ | ၂၇.၄၇၇ |
| ၄ | ထိုင်း | ၁၉၀၆၉ | ၁၂.၇၆၄ |
| ၅ | အင်ဒိုနီးရှား | ၁၇၂၁၁ | ၁၃.၅၀၃ |
| ၆ | ဖိလစ်ပိုင် | ၁၃၉၆၇ | ၁၀.၁၃၆ |

| စဉ် | တင်ပို့သည့်နိုင်ငံ | တင်ပို့သည့် အရေအတွက် (တန်) | တန်ဖိုး |
|---|---|---|---|
| ၇ | မလေးရှား | ၁၂၄၄၉ | ၉.၃၆၆ |
| ၈ | ဂျပန် | ၂၆၀၅ | ၂.၅၄၁ |
| ၉ | ထိုင်ဝမ် | ၁၉၂၇ | ၁.၅၂၃ |
| ၁၀ | ကနေဒါ | ၁၈၁၆ | ၁.၄၇၇ |

Source: http;//tradedata-new.moc.local

၆။ မြန်မာနိုင်ငံမှ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဘဏ္ဍာနှစ်အလိုက် ပဲတီစိမ်း တင်ပို့မှုစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာနိုင်ငံမှ ကမ္ဘာ့နိုင်ငံအသီးသီးသို့**

**ဘဏ္ဍာနှစ်အလိုက် ပဲတီစိမ်း တင်ပို့မှုစာရင်း ( ပင်လယ်ရေကြောင်း + နယ်စပ် )**

တန်ဖိုး - ကန်ဒေါ်လာသန်း

| စဉ် | ဘဏ္ဍာနှစ် | ရေတွက်ပုံ | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | | | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး |
| ၁ | ၂၀၁၈-၂၀၁၉ | တန် | ၂၃၄၆၆၇ | ၁၇၃.၅၆၂ | ၂၃၉၁၅၅ | ၁၆၉.၂၅၅ | **၄၇၃၈၂၂** | **၃၄၂.၈၁၇** |
| ၂ | ၂၀၁၉-၂၀၂၀ | တန် | ၂၆၁၀၈၂ | ၂၂၂.၅၆၆ | ၂၇၃၀၄၆ | ၁၈၃.၇၄၀ | **၅၃၄၁၂၈** | **၄၀၆.၃၀၆** |
| ၃ | ၂၀၂၀-၂၀၂၁ | တန် | ၂၅၇၉၉၈ | ၂၃၄.၆၃၈ | ၄၁၅၁၁၃ | ၂၉၀.၇၆၄ | **၆၇၃၁၁၁** | **၅၂၅.၄၀၂** |
| ၄ | ၂၀၂၁-၂၀၂၂ (Mini Budget) | တန် | ၃၆၈၉၉၇ | ၂၈၇.၄၇၀ | ၁၄၇၂၅ | ၉.၀၇၄ | **၃၈၃၇၂၂** | **၂၉၆.၅၄၄** |
| ၅ | ၂၀၂၂-၂၀၂၃ (ဘဏ္ဍာနှစ်) | တန် | ၅၃၂၁၄၉ | ၃၈၁.၈၅၆ | ၁၅၉၂၅၀ | ၁၀၇.၂၃၃ | **၆၉၁၃၉၉** | **၄၈၉.၀၈၉** |

ဇစ်မြစ်:Customs

## မြန်မာနိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံသို့ပဲတီစိမ်းတင်ပို့မှု

၇။ ပဲတီစိမ်း၏ ကုန်သွယ်မှုအမည်မှာ mung bean ဖြစ်ပြီး HS code မှာ ၀၇၁၃၃၁ ဖြစ်ပါသည်။ ဖိလစ်ပိုင်အမည်မှာ mungo, balatong, botong-hidjao တို့ဖြစ်ကြပြီး မြန်မာ့ပဲတီစိမ်းကို ဖိလစ်ပိုင်နိုင်ငံသို့ (၂၀၁၀) ခုနှစ်မှစတင်၍ တင်ပို့ခဲ့တာဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၁၀၁၈၅ တန်ကျော် တန်ဖိုး ဒေါ်လာသန်းပေါင်း ၇ သန်းကျော် တင်ပို့ခဲ့ပြီး ၂၀၂၁-၂၀၂၂ (ဖလ) ဘဏ္ဍာနှစ်တွင် ၁၁၉၆၃.၈၉၆ တန်ကျော် တန်ဖိုး ဒေါ်လာသန်းပေါင်း ၁၀ သန်းကျော် တင်ပို့ခဲ့ပါသည်။

**မြန်မာ့ပဲတီစိမ်း ဖိလစ်ပိုင်နိုင်ငံသို့ ဘဏ္ဍာနှစ်အလိုက် တင်ပို့မှုစာရင်း**

**တန်ဖိုး - ကန်ဒေါ်လာသန်း**

| စဉ် | ဘဏ္ဍာနှစ် | ရေတွက်ပုံ | နယ်စပ် | |
|---|---|---|---|---|
| | | | အရေအတွက် | တန်ဖိုး |
| ၁ | ၂၀၁၈-၂၀၁၉ | တန် | ၁၀၁၈၅.၃၃၂ | ၇.၁၀၃ |
| ၂ | ၂၀၁၉-၂၀၂၀ | တန် | ၁၁၁၇၂.၄၁၄ | ၉.၀၅၉ |
| ၃ | ၂၀၂၀-၂၀၂၁ | တန် | ၁၁၃၀၀.၈၄၅ | ၁၁.၄၄၆ |
| ၄ | ၂၀၂၁-၂၀၂၂ (Mini Budget) | တန် | ၁၁၉၆၃.၈၉၆ | ၁၀.၀၇၉ |
| ၅ | ၂၀၂၂-၂၀၂၃ | တန် | ၁၃၉၆၇.၃၁၈ | ၁၀.၁၃၆ |
| **စုစုပေါင်း** | | | **၅၈၅၈၉.၈၀၅** | **၄၇.၈၂၃** |

ဇစ်မြစ်:Custom

**Mung bean export to philippine from trade data (၂၀၁၀-၂၀၂၂)**

**တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း**

| စဉ် | ခုနှစ် | HS code | တင်ပို့သည့် ကုမ္ပဏီ အရေအတွက် | ရေတွက်ပုံ | ပင်လယ်ရေကြောင်း | |
|---|---|---|---|---|---|---|
| | | | | | အရေအတွက် | တန်ဖိုး |
| ၁ | ၁.၄.၂၀၁၀-၃၁.၃.၂၀၁၁ | 0713319050 | ၁၀ | မတန် | ၁၄၂၂၉.၇ | ၁၅.၁၆ |
| ၂ | ၁.၄.၂၀၁၁-၃၁.၃.၂၀၁၂ | 0713319050 | ၁၃ | မတန် | ၂၀၄၂၉.၈ | ၁၉.၂၈ |
| ၃ | ၁.၄.၂၀၁၂-၃၁.၃.၂၀၁၃ | 0713319050 | ၁၀ | မတန် | ၁၀၃၂၈.၃ | ၈.၇၉၈ |
| ၄ | ၁.၄.၂၀၁၃-၃၁.၃.၂၀၁၄ | 0713319050 | ၂၁ | မတန် | ၉၈၀၃.၂၂ | ၉.၂၀၄ |
| ၅ | ၁.၄.၂၀၁၄-၃၁.၃.၂၀၁၅ | 0713319050 | ၁၈ | မတန် | ၆၀၉၄.၅၅ | ၆.၅၂၅ |
| ၆ | ၁.၄.၂၀၁၅-၃၁.၃.၂၀၁၆ | 0713319050 | ၁၅ | မတန် | ၆၂၉၇.၇၅ | ၆.၁၄၁ |
| ၇ | ၁.၄.၂၀၁၆-၃၁.၃.၂၀၁၇ | 0713319050, '0713311050' 0713311069, 0713319019, '0713319011 | ၅၄ | မတန် | ၈၇၀၀.၀၈ | ၆.၃၅၈ |
| ၈ | ၁.၄.၂၀၁၇-၃၁.၃.၂၀၁၈ | 0713319050, '0713311061, '0713319069, 0713319019, '0713399000, '0713600000 | ၇၀ | မတန် | ၁၁၃၃၁.၃ | ၈.၃၈၂ |
| ၉ | ၁.၄.၂၀၁၈-၃၀.၉.၂၀၁၈ ၂၀၁၈ (mini budget) | 0713319050, '0713319069, '0713311069, 0713319019, '0713319040 | ၃၄ | မတန် | ၂၇၇၀.၅၇ | ၁.၈၉၉ |

| စဉ် | ခုနှစ် | HS code | တင်ပို့သည့် ကုမ္ပဏီ အရေအတွက် | ရေတွက်ပုံ | ပင်လယ်ရေကြောင်း | |
|---|---|---|---|---|---|---|
| | | | | | အရေအတွက် | တန်ဖိုး |
| ၁၀ | ၁.၁၀.၂၀၁၈–<br>၃၀.၉.၂၀၁၉ | 0713319050,<br>'0713311061,<br>'0713311019,<br>0713311019,<br>'0713311061,<br>'0713319040 | ၇၅ | မတန် | ၁၀၁၈၅.၃ | ၇.၁၀၃ |
| ၁၁ | ၁.၁၀.၂၀၁၉–<br>၃၀.၉.၂၀၂၀ | 0713319050,<br>'0713311019,<br>'0713319069,<br>0713319019,<br>'0713319040 | ၅၃ | မတန် | ၁၁၁၇၂.၄ | ၉.၀၅၉ |
| ၁၂ | ၁.၁၀.၂၀၂၀–<br>၃၀.၉.၂၀၂၁ | 0713319050,<br>'0713311019,<br>'0713319069,<br>0713319090,<br>'0713319040,<br>'0713311090,<br>'0713319040. | ၄၉ | မတန် | ၁၁၃၀၀.၈ | ၁၁.၄၅ |
| ၁၃ | ၁.၁၀.၂၀၂၁–<br>၃၁.၃.၂၀၂၂<br>၂၀၁၁–၂၀၂၂<br>(mini<br>Budget) | 0713319050,<br>'0713319069,<br>'0713319090 | ၃၇ | မတန် | ၁၁၉၆၃.၉ | ၁၀.၀၈ |
| ၁၄ | ၁.၄.၂၀၂၂–<br>၃၁.၃.၂၀၂၃<br>(ယာယီ) | 0713319050,<br>'0713319069,<br>'0713319090 | ၆၃ | မတန် | ၁၃၅၆၇.၃ | ၉.၈၂၆ |

Source:Trade data

## ပို့ကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့်အချက်များ

၈။ ပို့ကုန်တင်ပို့နိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ တရားဝင်ခွင့်ပြုထားသော ကုမ္ပဏီတစ်ခုအဖြစ် ဦးစွာမှတ်ပုံတင်ရမည်ဖြစ်သည်။ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးသည် ပို့ကုန်/သွင်းကုန် မှတ်ပုံတင်လက်မှတ်ရရှိရန် ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။ တင်ပို့သူသည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အသင်းဝင်ရမည်ဖြစ်သည်။ လက်ရှိတွင် နယ်စခန်းများ၌ ပို့ကုန်လိုင်စင်လုပ်ငန်းစဉ်များအတွက် Border Trade Online System (BTOS) ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။

၉။ ပို့ကုန်လိုင်စင် လျှောက်ထားခြင်းများအတွက် TradeNet 2.0 Online system https://www.myanmartradenet.com/ ကို ထူထောင်ထားရှိပြီး Online ဖြင့် လျှောက်ထားနိုင်ရန် အောက်ပါအတိုင်း ဆောင်ရွက်ထားရှိပါသည်–

(က) လျှောက်ထားသူသည် Trade Net 2.0 Member ဝင်ထားသူဖြစ်ရမည်။

( ခ ) ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင် ရရှိထားသူဖြစ်ရမည်။

( ဂ ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ရရှိထားသူများမှာလည်း ကုန်သွယ်မှုလုပ်ငန်း ဆိုင်ရာများကို လုပ်ဆောင်နိုင်သည့်အခြေအနေတွင် ရှိရမည်ဖြစ်ပြီး၊ ကုမ္ပဏီအနေဖြင့် (Blacklist, Suspense and Cancel) ဖြစ်မနေရပါ။

(ဃ) ပို့ကုန် လိုင်စင်/ပါမစ်များအတွက် မိတ္တူမှန် လျှောက်ထားခြင်းများကိုမူ နေပြည်တော် ( သို့ ) ရန်ကုန်ရှိ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းဌာနခွဲသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားရပါမည်။

၁၀။ ပြည်ပသို့ ပင်လယ်ရေကြောင်းနှင့်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှ ပဲတီစိမ်း တင်ပို့ရာ၌ ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် ပူးတွဲရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ကုမ္ပဏီ၏ Latter Heard ဖြင့်လျှောက်လွှာပါရှိရမည်။

( ခ ) ကုမ္ပဏီ၏ Latter Heard ဖြင့် Proforma Invoice ပါရှိရမည်။

( ဂ ) လျှောက်ထားသည့် ပဲတီစိမ်းအမျိုးအစားအလိုက် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင် ကုန်စည်ဒိုင်) ၏ FOB (YGN) (၂) ပတ်အတွင်း ဈေးဖြင့်ကိုက်ညီမှုရှိရမည်။

(ဃ) Advanced (TT) စနစ် Bank Crited ပါရှိရမည်။

## ဖိလစ်ပိုင်နိုင်ငံသို့ ပဲတီစိမ်းတင်ပို့နေသည့်နိုင်ငံများ

၁၁။ မြန်မာနိုင်ငံသည်၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ပဲတီစိမ်း အများဆုံးတင်ပို့နေသည့် နိုင်ငံစာရင်းတွင် ထိပ်ဆုံးမှပါဝင်သည်။

Top 7 world exporter to Philippines in 2021

| Country | Value (in USD Thousand) | Market Share % | Quantity (in Tons ) | Unit Value ($/Ton ) |
|---|---|---|---|---|
| Myanmar | 23714 | 49.3 | 22476 | 1055 |
| Indonesia | 13875 | 28.9 | 10739 | 1292 |
| Argentina | 3649 | 7.6 | 7410 | 492 |
| Australia | 3077 | 6.4 | 3129 | 983 |
| China | 1633 | 3.4 | 1830 | 892 |
| Brazil | 740 | 1.5 | 1545 | 479 |
| Venezuela, Bolivarian Republic of | 417 | 0.9 | 752 | 555 |
| India | 359 | 0.7 | 323 | 1111 |
| Canada 470 | 140 | 0.3 | 298 | 470 |
| Tanzania, United Republic of | 116 | 0.2 | 182 | 637 |

Source ICT trade map

## PH List of Importers of Green Mung Beans

*HS Code: 0713.31*

*Period: 2022 to April 2023*

*Source: Bureau of Customs - Single Administrative Document*

| Importer | 2022 | | |
|---|---|---|---|
| | Volume (kg) | Share | FOB Value (USD) |
| ASIA INTERNATIONAL FRUITS & AGRI- | 8,508,043.45 | 17% | 5,457,394.58 |
| WHKKKK FLEET IMPORT AND EXPORT INC. | 4,068,510.50 | 8% | 3,408,295.16 |
| 3 FOR 8 TRADING INTERNATIONAL | 5,916,868.97 | 12% | 4,034,877.41 |
| UDRAGON CORPORATION | 3,926,301.20 | 8% | 2,876,501.48 |
| SC CASTRO ENTERPRISE | 4,810,984.00 | 10% | 3,752,955.98 |
| MEGA PRODUCE 88 OPC | 4,559,465.00 | 9% | 3,988,841.17 |
| NASHRODOIR AGRICULTURAL | 2,962,400.00 | 6% | 2,944,962.75 |
| SUN-ACE TRADE AND COMMODITIES INC. | 1,876,100.00 | 4% | 1,592,532.50 |
| GERMAKAL INT L AGRI PRODUCTS TRDG | 1,835,920.00 | 4% | 1,390,244.55 |
| OCEAN PARK ENTERPRISES | 1,024,900.00 | 2% | 881,164.00 |
| RBENAVIDEZ CONSUMER GOODS TRADING | 1,349,834.00 | 3% | 1,379,742.43 |
| CAPUFEST INTERNATIONAL TRADING | 1,382,964.00 | 3% | 931,204.85 |
| MCKEN SALES INTERNATIONAL CORP | 1,083,281.00 | 2% | 999,598.69 |
| TECHNOFARM AGRICULTURAL AND AQUATIC | 640,000.00 | 1% | 247,550.00 |
| SKYHI MARKETING CORPORATION | 824,917.50 | 2% | 784,296.57 |
| GM ELOAH AGROCROPS CO | 800,000.00 | 2% | 896,650.00 |
| LBS MARKETING OPC | 624,937.60 | 1% | 574,181.31 |
| EMPIRE CHEMICAL CO. INC. | 542,060.00 | 1% | 351,550.60 |
| ALB ENTERPRISE | 700,000.00 | 1% | 607,000.00 |
| ROYAL BEANS ENTERPRISES | 649,917.00 | 1% | 605,315.87 |
| ELUSIVE QUALITY TRADING INC. | 200,000.00 | 0% | 190,323.92 |
| ONE PRIME LEGACY IMPORT/EXPORT TRAD | 300,500.00 | 1% | 245,672.50 |
| PROGRESSIVE POULTRY SUPPLY CORP. | 147,325.00 | 0% | 113,499.50 |
| AGRI BEST COMMODITIES | 275,000.00 | 1% | 345,140.00 |
| JN RIQUEZA | 196,000.00 | 0% | 280,525.00 |
| INTERGRAIN AGRI FOOD PRODUCTS | 100,000.00 | 0% | 97,500.00 |
| ROM AGRI TRADING | 148,950.00 | 0% | 75,964.50 |
| SIFSY TRADING | 123,000.00 | 0% | 128,530.00 |
| YATTA INDUSTRIES INC. | 98,750.00 | 0% | 29,625.00 |
| BIZFIELD INTERNATIONAL TRADING | 50,000.00 | 0% | 40,500.00 |
| LJI KOREAN FOOD PRODUCT INC. | - | 0% | - |
| CHRYRUS MARKETING | - | 0% | - |
| WORLD AGRI PRODUCTS ENTERPRISES | 50,000.00 | 0% | 48,000.00 |
| KTW AGRISOURCE TRADING | 50,000.00 | 0% | 46,500.00 |
| NORTHFIELDS ENTERPRISES INT'L. INC. | 48,000.00 | 0% | 42,000.00 |
| CENTRAL COMMODITIES ENTERPRISES | 25,000.00 | 0% | 18,075.00 |
| F.R.M AGRICULTURAL PRODUCTS TRADING | 24,500.00 | 0% | 26,841.00 |
| SUNPRIDE FOODS INC | 19,958.06 | 0% | 21,648.00 |
| ASSAD MINI MART | - | 0% | - |
| CAROLINA PONTEVEDRA | - | 0% | - |
| RICHARD MCCLALAN | - | 0% | - |
| **Grand Total** | **49,944,387.28** | **100%** | **39,455,204.32** |

## ဖိလစ်ပိုင်နိုင်ငံ၏ ပဲတီစိမ်းတင်သွင်းမှုမူဝါဒ

၁၂။ အကောက်ခွန်နှုန်းခွဲတမ်း ( TRQ ) ယန္တရားအရ အကျုံးဝင်သော စိုက်ပျိုးရေးထုတ်ကုန်များအတွက် ခွဲတမ်းအရွယ်အစားသည် ဥရုဂွေး round တွင် ပြုလုပ်ခဲ့သော ဖိလစ်ပိုင်ကတိကဝတ်များအပေါ် အခြေခံထားသည်။ ဖိလစ်ပိုင်သည် United Nation's Standard International Trade Classification (SITC) ကို လိုက်နာပါသည်။ ဖိလစ်ပိုင်အကောက်ခွန်သည် သွင်းကုန်များအတွက် တန်ဖိုးထပ်အခွန် (VAT) ကို ၁၂ ရာခိုင်နှုန်း ကောက်ခံပါသည်။ ဖိလစ်ပိုင်၏ အကောက်ခွန်သည် P10,000 အောက် တန်ဖိုးရှိသော ကုန်ပစ္စည်းများအတွက် အကောက်ခွန် သို့မဟုတ် အခွန်မဆောင်ရ။ ဖိလစ်ပိုင်သည် Harmonized System (HS) ကို လက်ခံကျင့်သုံးပြီး အများစုမှာ သွင်းကုန်/ပို့ကုန်ခွန်များ ပေးဆောင်ရသည်။ ခြွင်းချက်များတွင် အထူးစီးပွားရေးဇုန်များသို့ သယ်ဆောင်လာသည့် ကုန်ပစ္စည်းများနှင့် အကောက်ခွန်ချည်နှောင်ထားသည့် ကုန်ထုတ်ဂိုဒေါင်တွင် သိမ်းဆည်းထားသည့် ကုန်ပစ္စည်းများ ပါဝင်သည်။ လက်ရှိတွင် MFN စည်းကြပ်ခွန်သည် 0 % မှ 65 % အထိရှိပြီး အကောက်ခွန်လိုင်းများ၏ 46 % ခန့်မှာ အကောက်ခွန်နှုန်းထား 1 % သို့မဟုတ် 3 % ရှိသည်။ 20 % ထက်ကြီးသော အခွန်စည်းကြပ်မှုလိုင်းများသည် စုစုပေါင်းလိုင်းများ၏ 6 % အတွက်ဖြစ်သည်။ သွင်းကုန်ခွန်တွင် ဖိလစ်ပိုင်နိုင်ငံမှ Tariff Rate of Dried, shelled beans of species "Vigna mungo (L.) Hepper or vigna radiata (L.) wilczek" whether အတွက် MFN duties applies 0.1၊ Preferential tariff for AANZFTA countries 0 ၊Preferential tariff for ASEAN countries 0 ကောက်ခံသည်။

## ဖိလစ်ပိုင်နိုင်ငံသို့ပဲတီစိမ်းတင်ပို့သူများသိရန်အချက်များ

၁၃။ ဖိလစ်ပိုင်နိုင်ငံသို့ ပဲတီစိမ်းတင်ပို့သူများ သိရန်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အကောက်ခွန်နှင့်အခွန်အခများပေးဆောင်ခြင်း၊ ပို့ကုန်အကောက်ခွန်စစ်ဆေးခြင်းတို့အတွက် အကောက်ခွန်မှ သက်ဆိုင်သော CUSDEC–2 Export Declaration Form ၊ CUSDEC–4 Customs Valuation Form ပါဝင်ပါသည်။ အကောက်ခွန်ဦးစီးဌာနသည် မြန်မာ့အလိုအလျောက် အကောက်ခွန်ရှင်းလင်းခြင်းစနစ် (MACCS) ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ Automated Cargo Clearance System ဖြင့် အသုံးပြုသူမှတ်ပုံတင်ခြင်း၊ ကုန်စည်ရှင်းလင်းခြင်း၊ cargo စီမံခန့်ခွဲခြင်း၊ ငွေပေးချေခြင်း၊ နည်းပညာအချက်အလက်နှင့် helpdesk ဟူ၍ ပါဝင်ပါသည်။ MACCS သည် သင်္ဘောလိုင်း၊ လေကြောင်းလိုင်း ၊ ဆိပ်ကမ်းအာဏာပိုင်၊ ဂိုဒေါင်ဆောင်ရွက်သူ၊ Customs brokersများ၊ တင်ပို့/တင်သွင်း သူများနှင့် သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ ချိတ်ဆက်ထားပါသည်။ အသေးစိတ်ကို www.commerce.gov.mm နှင့် https:// myanmartradeportal. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

( ခ ) သန့်ရှင်းရေးနှင့် ဇီဝကမ္မဆိုင်ရာ (SPS) လိုအပ်ချက်များကို စိုက်ပျိုးရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ တာဝန်ယူ ဆောင်ရွက်ပေးပါသည်။

( ဂ ) နည်းပညာဆိုင်ရာ အတားအဆီးများ (TBT) လိုအပ်ချက်များကို သုတေသနနှင့်တီထွင်စမ်းသစ်မှုဦးစီးဌာနမှ တာဝန်ခံဌာနအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ မေးခွန်းများရှိပါက TBT Enquiry Point တွင် ဆက်သွယ်နိုင်ပါသည်။

(ဃ) NTM များကို ASEAN Trade Repository – ATR ဝက်ဆိုဒ်တွင်လည်း တွေ့နိုင်ပါသည်။

( င ) လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်အရ ပဲတီစိမ်းအတွက် ပင်ရင်းနိုင်ငံစည်းမျဉ်းနှင့် တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့် အစီအစဉ်များတွင် ရာနှုန်းပြည့်ထုတ်ကုန် ( Wholly Obtained or Produced ) ဖြစ်ရန် သတ်မှတ်ထားပါသည်။

( စ ) တစ်ဖက်သတ်အကောက်ခွန်သက်သာခွင့် အစီအစဉ်အလိုက် အသုံးပြုသော ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်မှာ GSP Form A ဖြစ်ပါသည်။

(ဆ) FTA အလိုက် အသုံးပြုရမည့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များမှာ–

| **လွတ်လပ်သော ကုန်သွယ်မှု ဒေသအမည်** | **အကျိုးဝင်သော နိုင်ငံများ** | **ပင်ရင်းနိုင်ငံ သက်သေနိုင်ငံ လက်မှတ်** |
|---|---|---|
| အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသ | အာဆီယံ (၁၀ )နိုင်ငံ | ATIGA Form D |
| ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် | အာဆီယံ ( ၁၀ ) နိုင်ငံနှင့် ဩစတေးလျ၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ နယူးဇီလန် **မှတ်ချက်။ စာချုပ်ဝင်နိုင်ငံများ အနက် လတ်တလောတွင် တရုတ်နိုင်ငံသို့ တင်ပို့မှုအတွက်သာ Form RCEP လျှောက်ထားနိုင်ပါသည်။** | Form RCEP |

Source ကုန်သွယ်ရေးဦးစီး

( ဇ ) လတ်တလော ထုတ်ပြန်ထားသည့် မူဝါဒများမှာ-

(၁) ၁-၇-၂၀၂၂ ရက်နေ့မှစ၍ ပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံများအား ပြည်ပသို့ နယ်စပ်မှ တစ်ဆင့်တင်ပို့မှုနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာဖြင့်သာ တင်ပို့ခွင့်ပြုသည်။ ပဲမျိုးစုံနှင့် သက်ဆိုင်သည့် ကုန်စည်လိုင်း (၅၃) လိုင်းအား ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းမှ ပြည်ပသို့ တင်ပို့ရာတွင် ၁-၈-၂၀၂၂ ရက်နေ့မှစတင်၍ ပို့ကုန်လိုင်စင်လျှောက်ထားပြီးမှသာ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ ထောက်ခံချက်ဖြင့် တင်ပြရမည်ဖြစ်သည်။ နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့် အမေရိကန်ငွေကြေးအသုံးပြု၍သာခွင့်ပြုရန်၊ ပို့ကုန်တန်ဖိုးအား ကြိုတင်ငွေလွှဲစနစ် Advanced Telegraphic Transfer (TT) စနစ်ဖြင့်သာ စိစစ်၍ ငွေလွှဲဝင်ရောက်မှသာ လိုင်စင်ခွင့်ပြုထုတ်ပေးရန်၊ ခွင့်ပြုထုတ်ပေးထားပြီးသော လိုင်စင်များအတွက် ငွေလွှဲဝင်ရောက်မှု အထောက်အထား (Bank Credit Advice) ရရှိမှသာ ပို့ကုန်ကြေညာလွှာ ED ဖွင့်လှစ်တင်ပို့ခွင့်ရရှိမည်ဖြစ်ပါသည်။

(၂) "ပြည်ပသို့ နယ်စပ်မှတင်ပို့သည့် ကုန်ပစ္စည်း ( ၆ ) မျိုးဖြစ်သည့် ပဲမျိုးစုံ (မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ) တို့၏ ပို့ကုန်ရငွေများနှင့်စပ်လျဉ်း၍ အဆိုပါ ရငွေသည် အမေရိကန်ဒေါ်လာဖြင့် ပေးချေရန် ခက်ခဲနေသည့် ကုန်ပစ္စည်းများအတွက်ဖြစ်ပါက ယွမ်နှင့်ဖြစ်စေ၊ ဘတ်နှင့်ဖြစ်စေ ပေးချေရန်နှင့် အဆိုပါ ပို့ကုန်ရငွေ၏ ၆၅ ရာခိုင်နှုန်းအား အမေရိကန်ဒေါ်လာဖြင့် တွက်ချက်၍ ညီမျှသောပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ဈေးနှုန်းဖြင့် အလုပ်လုပ်ရက် (၁) ရက်အတွင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဝယ်ယူရန်နှင့် ကျန် ၃၅ ရာခိုင်နှုန်းကို ပို့ကုန်တင်ပို့သူအနေဖြင့် ရက် ၃၀ အတွင်း မိမိကိုယ်တိုင်အတွက် လွတ်လပ်စွာသုံးစွဲခြင်း၊ အခြားသူသို့ လွှဲပြောင်းခြင်း၊ AD လိုင်စင်ရဘဏ်များသို့ ရောင်းချခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။

(၃) နယ်စပ်ကုန်သွယ်ရေးမှ ပြည်ပသို့ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း နှင့်မြေပဲအပါအဝင် ပို့ကုန်ပစ္စည်းအားလုံးအတွက် ကုန်ပစ္စည်းသယ်ဆောင်ခွင့် QR code ကို အွန်လိုင်းစနစ်ဖြင့် ခွင့်ပြုထုတ်ပေးမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းသယ်ဆောင်ခွင့် QR code လျှောက်ထားရာတွင် တင်ပို့မည့်ကုန်ပစ္စည်းများအတွက် နယ်စပ်ပို့ကုန်လိုင်စင်ကို myanmartradenet 2.0 စနစ်တွင် ဦးစွာလျှောက်ထားရမည်

ဖြစ်ကြောင်း၊ နယ်စပ်ပို့ကုန်လိုင်စင်ရရှိပြီးသည့်အခါ ပို့ကုန်တင်ပို့မည့် ယာဉ်များ၏ အချက်အလက်များကို https://vehicle.Myanmartradenet.com (vehicle monitoring system) တွင်ဖြည့်သွင်း လျှောက်ထားရမည် ဖြစ်ပါသည်။

(ဈ) ဖိလစ်ပိုင်နိုင်ငံတွင် ပဲတီစိမ်းအတွက် HS code မှာ 0713.31.90 ဖြစ်ပြီး စည်းမျဉ်း သတ်မှတ်ချက်ရှိသည့် ကုန်စည်အမျိုးအစားထဲတွင် ပါဝင်သည်။ ဖိလစ်ပိုင်အစိုးရ အေဂျင်စီ Department of Health –Food and Drug Administration (DOH–FDA) မှ License of Operate (LTO), Certificate of Product Registration (CPR) ၊ Department of Agriculture–Bureau of Plant Industry (DA–BPI) မှ Sanitary and Phytosanitary Import Clearance (SPSIC) တို့အား ရရှိရန် လိုအပ်ပါသည်။ SPSIC မှာ တင်သွင်းမည့် ကုန်ပစ္စည်းသည် လူ၊ တိရိစ္ဆာန်နှင့် အပင်တို့အကြားတွင် ကူးစက်ရောဂါမရှိစေရေး အကာအကွယ်ပေးထားခြင်း ဖြစ်သဖြင့် SPSIC လိုအပ်ခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် Pest risk analysis (PRA) လည်း လိုအပ်ပါကြောင်း ဖော်ပြပါရှိပါသည်။

(ည) Philippines National Trade Repository (PNTR) တွင် ပဲတီစိမ်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း အသေးစိတ်ဖော်ပြပါရှိပါသည်–

(၁) ပဲတီစိမ်း တင်သွင်း/တင်ပို့ခြင်းအတွက် ဆက်သွယ်ဆောင်ရွက်ရမည့် ဖိလစ်ပိုင် အစိုးရအေဂျင်စီများမှာ Bureau of Plant Industry နှင့် Food and Drug Administration တို့ဖြစ်ပါသည်။

(၂) လိုအပ်သည့် ခွင့်ပြုမိန့်၊ စာရင်းရှင်းလင်းခြင်းနှင့် အသိအမှတ်ပြုလက်မှတ် များမှာ Snaitary and Phytosanitary Import Clearance (SPSIC), License to Operate (LTO), Certificate of Product Registration (CPR)< FDA Certification/Notification/Clearance (for those not requiring LTO and/ or CPR) နှင့် Certificate of Analysis (if applicable) တို့ဖြစ်ပါသည်။

( ဋ ) စာရွက်စာတမ်းလိုအပ်ချက်များအနေဖြင့် Plant Quarantine Clearance အတွက် Bureau of Plant Industry သို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ Phytosanitary Certificate အတွက် Food and Drug Administration တွင် လျှောက်ထားရမည် ဖြစ်ပါကြောင်း၊ ဖိလစ်ပိုင်မှ ကုန်ပစ္စည်းတင်သွင်းသူအနေဖြင့်

e-Registration System မှတစ်ဆင့် FDA Circular 2020-033 (Procedure for the use of a modified e-Registration system for raw material and pre-packaged food products and its amendment 2020-033 A) အား ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပါကြောင်း၊ ထို့ပြင် FDA Website တွင်လည်း "Complete Guide on How to Apply for food CPR Version 2" ဖြင့် Video Presentation ဖြင့် ရှင်းလင်းတင်ပြချက်ရှိပါကြောင်းနှင့် FAQs မေးခွန်းနှင့် အဖြေများလည်း ကိုးကားနိုင်ရန်အလို့ငှာ Websites တွင် ဖော်ပြထားရှိပါသည်။

( ဌ ) လုပ်ငန်းလုပ်ဆောင်ပုံအဆင့်ဆင့်တွင် Phytosanitary Certificate ရရှိရန်မှာ Bureau of Plant Industry တွင် လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ FDA ထောက်ခံချက်အတွက် အွန်လိုင်းလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်ဖြစ်ပြီး ပုံစံတွင် General Information, Establishment Information, Product Information, Supporting Information, Sources and Clients နှင့် Applicant Information တို့အား ဖြည့်သွင်းရမည်ဖြစ်ပြီး ပြည့်စုံမှန်ကန်ပါက အစိမ်းရောင်ဖြင့် "PROCEED" ဟူ၍ ပေါ်လာပြီး အီးမေးလ်ဖြင့် pair@gda.gov.ph သို့ ပေးပို့ လျှောက်ထားရမည်ဖြစ်ပါသည်။ အလုပ်လုပ်ရက် (၂) ရက် ကြာမြင့်ပြီးနောက် Document Tracking Log (DTL) ဖြင့် Submission Schedule ကျလာမည် ဖြစ်ပါသည်။

( ဍ ) FDA မှ အစီအစဉ်အတိုင်း လျှောက်လွှာများအား စစ်ဆေးပြီးနောက် (၁) ရက်အတွင်း လျှောက်ထားသူအားလုံးထံသို့ ခွဲတမ်း ( Quota ) အား ချထားပေးမည်ဖြစ်ပြီး ပြိုင်တူလျှောက်ထားမှုများအတွက် အီးမေးလ်တစ်ခုချင်းစီးထံသို့ ရက်ခွဲ၍ ပေးပို့ သွားမည်ဖြစ်ပြီး အလုပ်လုပ်ရက် (၁၀) ရက်အတွင်း ပေးပို့သွားမည်ဖြစ်ပါသည်။ သတ်မှတ်ဝန်ဆောင်ခအား FDA ငွေစာရင်းသို့ ပေးသွင်းရမည်ဖြစ်ပြီး Checklist ပါအတိုင်း လိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများအား တင်ပြရမည် ဖြစ်ပါသည်။

( ဎ ) Regulating Agencies များမှာ Bureau of Plant and Industry နှင့် Food and Drug Administration တို့ဖြစ်ပါသည်။ တင်ပို့သူများအနေဖြင့် ဖော်ပြပါ အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**Uncooked and Frozen။** (၁) ပို့ကုန်မှတ်ပုံတင်ခြင်းအား Bureau of Plant and Industry တွင် ဆောင်ရွက်ရန်။

(၂) Phytosanitary Certificate အား Bureau of Plant and Industry တွင် ဆောင်ရွက်ရန်။

(၃) Preshipment Inspection အား Bureau of Plant and Industry တွင် ဆောင်ရွက်ရန်။

(၄) Vertification of packing/filling materials အား Bureau of Plant and Industry တွင် ဆောင်ရွက်ရန်။

**Cooked, in brine, sliced, Frozen။**

(၁) License to Operate အား Philippines FDA တွင် လျှောက်ထားရန်။

(၂) Certificate of Product Registration အား Philippines FDAတွင် လျှောက်ထားရန်။

(၃) Export Citification အား Philippines FDA တွင် လျှောက်ထားရန်။

(ဏ) Tariff Schedules အား Philippines Tariff Commission (TC) မှတစ်ဆင့် Philippines Tariff Finder (PTF) တွင် ဝင်ရောက်လေ့လာနိုင်ပါကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

(တ) Personal Purpose နှင့် Commercial Purpose တို့အတွက် တင်သွင်းခြင်းဆိုင်ရာလိုအပ်ချက်များအား Bureau of Plant and Industry Website တွင် ဖော်ပြထားပါသည်။

(ထ) Application for Plant Quarantine Clearance of Plants/Planting Materials/Plants Products (BPI 'Q' Form 1 )

( ဒ ) Regulations on the Licensing of Food Establishments and Registration of Processed Food, and Other Food Products and For Other Purpose အတွက် ကိုးကားရန်အမိန့်ကြော်ငြာစာ FDA Administration Order 2014–0029

( ဓ ) Procedure on the Use of the New Application Form for License to Operate (LTO) thru the Food and Drug Administration (FDA) Electronic Portal (e–portal) အတွက် ကိုးကားရန် ဆာကြူလာ FDA Circular 2016–004

( န ) Philippines Bureau of Customs ရှိ ဖိလစ်ပိုင်နိုင်ငံမှ ပဲတီစိမ်းတင်သွင်းသည့် ကုမ္ပဏီအမည်စာရင်း (၄၁) ခု၏ ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ ဧပြီလအထိ ပဲတီစိမ်း တင်သွင်းမှု ပမာဏနှင့် ဆိပ်ကမ်းအရောက်ဈေးနှုန်း (FOB Value – USD) စာရင်းများအား Bureau of Import Services မှ ရည်ညွှန်းကိုးကားနိုင်ရန် အလို့ငှာ သတင်းအချက်အလက်အနေဖြင့် ပံ့ပိုးပေးခဲ့ပြီး **အခြားရည်ရွယ်ချက်ဖြင့် အသုံးပြုရန် ခွင့်မပြုပါကြောင်း** ဖော်ပြထားပါသည်။

**မြန်မာနိုင်ငံမှ ပဲတီစိမ်းကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ရန်စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်**

၁၄။ ကုန်ဝယ်ဖက်နိုင်ငံ ကုန်ဝယ်သူနှင့် ချုပ်ဆိုထားသည့် စာချုပ်ပါလိုအပ်ချက်များနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ၊ သင်္ဘောမတင်မီ စစ်ဆေးချက်အစီရင်ခံစာ ( Pre-shipment Inspection Report –PSI) များကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရာခိုင်နှုန်းပြည့်ပိုင်ဆိုင်သော မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (Myanmar Inspection and Testing Services Ltd. – MITS ) သည် အရည်အသွေးအား စစ်ဆေးခြင်းလုပ်ငန်းကို မြန်မာ့စံ (Myanmar Standard)ကို ကိုးကားပြီးဆောင်ရွက်ပေးနေပြီး အချို့ကုန်ဝယ်ဖက်နိုင်ငံများ၏ လိုအပ်ချက်အရ ထုတ်လုပ်မှုလုပ်ငန်းအဆင့် (Processor Level) များကို စစ်ဆေးပေးနေသည်။

၁၅။ SPS Measures ဆိုသည်မှာ Sanitary and Phytosanitary Measures ဖြစ်ပြီး လူ၊ တိရိစ္ဆာန်၊ အပင်များ ကပ်ရောဂါဘေးအန္တရာယ်၊ အဆိပ်အတောက်များ၊ ကူးစက်ရောဂါများ ပြန့်ပွားကျရောက်မှုကို ကြိုတင်ကာကွယ်နိုင်သော အစီအမံများဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ပဲတီစိမ်းအတွက် SPS Measures များသည် Codex (ASEAN) နှင့် OIE Standard များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပြီး SPS Measures ဆိုင်ရာကိစ္စရပ်များကို စိုက်ပျိုးရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။ သတ်မှတ်ထားသည့် ISO standards ၊ Codex Standards (Food Safety၊ HACCP)၊ SPS Measures များနှင့် ထုတ်လုပ်ထားသည့် ကုန်စည်များကိုသာ တင်ပို့ရသည်။ SPS ဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ထုတ်ကုန်ဆိုင်ရာ မဖြစ်မနေဖော်ပြရန် လိုအပ်သည့် အချက်အလက်များ (End Product Criteria)၊ ထုတ်လုပ်မှု နည်းစဉ်နည်းလမ်းများ (Process and Production Method)၊ စစ်ဆေး၊ စမ်းသပ်၊ စစ်ဆေးချက် လက်မှတ်ထုတ်ပေးသည့် လုပ်ငန်းစဉ်များ(Testing, Inspection and Certification Approval Procedures)၊ တားမြစ်ထိန်းချုပ် လုပ်ငန်းစဉ်များ (Quarantine)၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် တိုက်ရိုက်သက်ဆိုင်သော ထုတ်ပိုးမှုစနစ်၊ အမှတ်တံဆိပ်ဆိုင်ရာ လိုအပ်ချက်များ (Packaging and Labeling Requirements) စသည့် လုပ်ငန်းစဉ်များလည်း ပါဝင်ပါသည်။

## တင်သွင်းရာတွင်ဖိလစ်ပိုင်မှစစ်ဆေးမည့်အချက်များ

၁၆။ ဖိလစ်ပိုင်အစိုးရ စည်းမျဉ်းစည်းကမ်းအေဂျင်စီများမှ အသိအမှတ်ပြုထားသော လက်မှတ်များ၊ BPI ထံမှ Sanitary and Phytosanitary Import Clearance (SPSIC) intercommerce.com.ph (Process Flow) မှတစ်ဆင့် လျှောက်လွှာတင်ရမည်ဖြစ်သည်။ အစားအသောက်နှင့် ဆေးဝါး နှစ်ခုစလုံး၏ အသိအမှတ်ပြုလက်မှတ်၊ ပြုပြင်ထားသော အပင်ထွက်ပစ္စည်းများအတွက် FDA မှ ကုန်ပစ္စည်းမှတ်ပုံတင်ခြင်း လက်မှတ် CPR)၊ သွင်းကုန်ရှင်းလင်းရေးနှင့် ကုန်ပစ္စည်းမှတ်ပုံတင်ခြင်း လက်မှတ်တို့ ဖြစ်ကြပါသည်။

(က) အခြေခံလိုအပ်သောစာရွက်စာတမ်းများမှာ–

(၁) letter of intent (LOI)

(၂) local government unit permits

(၃) Bureau of Customs (BOC) accreditation

(၄) company registration with the Securities and Exchange Commission (SEC)/ Department of Trade and Industry (DTI)

(၅) Bureau of Internal

(၆) Revenue (BIR) and Tax Identification Number (TIN) registration

(၇) accreditation of storage warehouse

( ခ ) နယ်စပ်တွင်စစ်ဆေးခြင်းအတွက် လိုအပ်သောစာရွက်စာတမ်းများမှာ–

(၁) inspection Documentation (SPSIC, PC, IHC, airway bill or bill of lading, invoice)

(၂) cursory inspection of the cargo by quarantine officer

(၃) adequate sample of imported commodity for laboratory examination collected randomly by technical personnel of the concerned agency

(ဂ) seaports and airports တွင်စစ်ဆေးခြင်းအတွက် လိုအပ်သော စာရွက် စာတမ်းများ

(၁) Hardcopy of the e–RFI

(၂) Valid SPSIC

(၃) Valid Phytosanitary Certificate/Health Certificate or equivalent certificate issued by the concerned Quarantine Office of the country of origin, with the compliance of conditions (if any) on the SPSIC

(၄) Fumigation Certificate, or any other required treatment, if applicable

(ဃ) GMO Certification, whenever applicable Certificate of Analysis for Plan Food from the country of origin

(၁) Bill of lading or airway bill

(၂) Packing list

(၃) Commercial invoice

(၄) BOC Import Entry and Internal Revenue Declaration/BOC Single Administrative Document

## ဖိလစ်ပိုင်အကောက်ခွန် ရှင်းလင်းရေးအဆင့်ဆင့်

၁၇။ တင်သွင်းသူအဖြစ် မှတ်ပုံတင်ရန် ပြည်တွင်းအခွန်များဌာနမှ သွင်းကုန်ရှင်းလင်းရေး လက်မှတ် လိုအပ်ပါသည်။ အကောက်ခွန်ဗျူရို ( BOC ) တွင် မှတ်ပုံတင်ပြီး Client Profile Registration System (CPRS) ဖြင့် အကောင့်တစ်ခုဖွင့်ပါ။ သွင်းကုန်ရှင်းလင်းရေး လက်မှတ်သည် သုံးနှစ်သက်တမ်းရှိပြီး ပရိုဖိုင်အသိအမှတ်ပြုလက်မှတ်ကို နှစ်စဉ်မွမ်းမံပြင်ဆင်ရမည်ဖြစ်သည်။ CPRS အသိအမှတ်ပြုလက်မှတ်သည် P1000 (အမေရိကန်ဒေါ်လာ ၂၀) ကုန်ကျပြီး ပုံမှန်အားဖြင့် စီမံဆောင်ရွက်ရန် ၁၅ ရက်ကြာပါသည်။

၁၈။ ဖိလစ်ပိုင်နိုင်ငံသို့ တင်သွင်းရန်အတွက် အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာ မရှိမဖြစ် လိုအပ်ချက်များနှင့် ဖိလစ်ပိုင် သွင်းကုန် တင်ပို့မှုရှင်းလင်းရေး အကြံပြုချက်များမှာ–

- Air waybill (AWB) preparation
- Invoice preparation
- Packing list

- Commodities subject to special requirements
- Other tips
- De minimis

Additional process

- Repaired and returned shipments
- Return to sender shipments (RTS)
- FTZ shipments

Charges

Must-nots

- Abandonment

Common Government Regulatory Requirement

**ဖိလစ်ပိုင်အကောက်ခွန်ရှင်းလင်းရေးတွင်လိုအပ်သောစာရွက်စာတမ်းများ**

၁၉။ ဖိလစ်ပိုင်နိုင်ငံသို့ တင်သွင်းသည့် လုပ်ငန်းရှင်များသည် ၎င်းတို့၏ ကုန်ပစ္စည်းများ ရောက်ရှိချိန်တွင် အောက်ပါစာရွက်စာတမ်းများကို ပေးဆောင်ရမည်-

(က) ကုန်ပစ္စည်းစာရင်း

( ခ ) ပြေစာ

( ဂ ) သင်္ဘောပေါ်ကုန်အသေးစိတ်စာရင်း

(ဃ) တင်သွင်းခွင့်

( င ) အကောက်ခွန် သွင်းကုန်ကြေညာစာတမ်းနှင့် မူရင်းလက်မှတ်တို့ ဖြစ်ကြပါသည်။

**နိဂုံး**

၂၀။ ပဲမျိုးစုံကို ပြည်ပသို့ တင်ပို့ရန်သော်လည်းကောင်း၊ ပြည်တွင်းတွင် စားသုံးသော်လည်းကောင်း ရည်ရွယ်ပြီး မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်ကြပါသည်။ ပဲအများစုသည် အိန္ဒိယ၏မျိုးရင်းများ ဖြစ်ကြသော်လည်း မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ စိုက်ပျိုးထုတ်လုပ်ခဲ့သဖြင့် ဒေသမျိုးများအဖြစ် တည်ရှိနေပြီး ပဲစိုက်ပျိုးမှုကို ယခင်က စပါးအပြင် စိုက်ပျိုးသော အပိုဝင်ငွေရရှိသည့် သီးနှံ၊ ယာသီးနှံ အဖြစ် စိုက်ပျိုးထုတ်လုပ်ခဲ့ကြခြင်းဖြစ်ပါသည်။

၂၁။ ယခုခေတ်တွင် အဓိကသီးနှံ ဝင်ငွေကောင်းသော သီးနှံအဖြစ် စိုက်ပျိုးကြခြင်းဖြစ်ပါသည်။ သို့ရာတွင် တောင်သူများ အနေဖြင့် မိရိုးဖလာအတိုင်းသာ စိုက်ပျိုးနေဆဲဖြစ်ပါသည်။ အခြားသော ပဲများထက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံနှင့် ကုလာပဲတို့မှာ ပြည်ပပို့ရာတွင် အရေးကြီးသော ပဲအမျိုးအစား များအဖြစ် သတ်မှတ်ထားပြီး ပဲတီစိမ်းစိုက်ပျိုး ထုတ်လုပ်မှုသည်လည်း ဒုတိယအများဆုံးဖြစ်သကဲ့သို့ ပြည်ပတင်ပို့မှုတွင်လည်း အများဆုံးဖြစ်ပါသည်။ ထို့အပြင် တောင်သူ၊ ကုန်သည်နှင့် တင်ပို့သူ များအတွက် အသိပညာပေးလုပ်ငန်းများ ပြုလုပ်ပေးခြင်းနှင့် လယ်ယာထွက်ပစ္စည်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ရေတို/ရေရှည်စီမံကိန်းများ၊ မူဝါဒများ ချမှတ်ရေးဆွဲ၍ ဤစာအုပ်လမ်းညွှန်ချက်များအား သိရှိပြီး အကျိုးရှိမည်ဟု ယုံကြည်မိပါသည်။